မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
P.O.Box 144, Mae Sod Post Office, Tak Province 63110, Thailand. Tel/Fax: (66) (055) 542910,
Email: blcsan@ksc.th.com, Website: www.blc-burma.org

# ရခိုင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ဖျက်ဆီးသည့် နအဖစစ်အစိုးရအား အရေးယူသင့်ကြောင်း ဥပဒေရေးရာ သုံးသပ်ထုတ်ပြန်ချက်

ဖြစ်စဉ်အကျဉ်း

ရခိုင်ပြည်နယ်အတွင်း စစ်တွေ– အမ်း– မင်းဘူး ရထားလမ်း ဖောက်လုပ်နေမှုကြောင့် မြောက်ဦးမြို့မှ ရှေးဟောင်းစေတီ ဘုရားပုထိုများစွာ ပျက်စီးသွားကြောင်းသိရသည်၊ ရထားလမ်းဖောက်လုပ်မှုကို နိုဝင်ဘာလ ၇ ရက်နေ့တွင် စတင်ခဲ့ကြောင်း၊ ရထားလမ်းဖောက်လုပ်မှုကြောင့် ရှေးဟောင်းစေတီ၊ ပုထိုး၊ တံတိုင်း၊ ခံတပ်၊ ပိဋကတ်တိုက်၊ ကျုံး၊ မြို့ရိုး စသည့် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးသွားရသည့်အပြင် ထိခိုက်ပျက်စီးသွားရသည့် စေတီပုထိုးများကိုလည်း ဖျောက်ဖျက်ပစ်နေကြောင်း သိရသည်။

ရထားလမ်းကြောင့် ပျက်စီးသွားခဲ့သည့် ရှေးဟောင်း သဘင်သည် မြို့ရိုး၊ သဇင်တံ တောင်တန်းပေါ်ရှိ စေတီပုထိုးများ၊ ငကျေးအိုင်ကျုံး၊ မြောက်ဦးခေတ် အသုံးပြုခဲ့သည့် မင်းသမီး ရေတံခါး၊ မင်္ဂလာမာန်အောင် တံတိုင်း၊ ရွှေစကြို လမ်းမကြီး၊ ရဲလှကျုံး၊ ရဲလှခံတပ်၊ ရဲလှတံခါး၊ ရှင်ဂိုက် တံတိုင်းခေါ် ကျောက်မြို့ရိုး၊ အမြင့်တောင် ခံတပ်၊ ပြည်စိုးကြီး ဘုရား စသည်တို့အား မြေတူးစက်ကြီးများဖြင့် ဖြိုဖျက်လိုက်ပြီဖြစ်ကြောင်း ရှေ့ဟောင်း သုတေသနဌာန အငြိမ်းစား ဝန်ထမ်းတဦးကပြောသည်။

ဖျက်ဆီးလိုက်သည့် စေတီပုထိုးများမှာ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မြောက်ဦးမြို့ရှိ စေတီပုထိုးများဖြစ်သည်၊ ထိုစေတီပုထိုးများမှာ အေဒီ (၁၄၀၄) ခုနှစ်တွင် ရခိုင်ဘုရင် မင်းစောမွန် ကတည်ထားခဲ့ပြီး ဝေသာလီခေတ်၊ မြောက်ဦးခေတ် တို့၌လည်း ထင်ရှားခဲ့သော ယဉ်ကျေးမှုနယ်မြေဖြစ်သည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်ကလည်း နအဖ စစ်အစိုးရသည် မြောက်ဦးမြို့၌ ရခိုင်ဘုရင် နန်းစိုက်ခဲ့ရာ နန်းတော်ရာအား ဖျက်ဆီး၍ ကြက်ဆူပင် စိုက်ခင်းများကို အဓမ္မစိုက်ပျိုးခဲ့သေးကြောင်း ဒေသခံများက ပြောပြသည်။ **(ခင်ဦးသာ ၁၈၊ နိုဝင်ဘာလ ၂၀၁၀၊ ရေဝတီ)**

**ဥပဒေရေးရာသုံးသပ်ချက်**

၁။ နအဖ စစ်အစိုးရသည် ၁၉၉၈ ခုနှစ် စက်တင်ဘာလ ၁၀ ရက် နေ့စွဲဖြင့် နအဖ ဥပဒေအမှတ် ၉/၉၈၊ ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကိုထုတ်ပြန်ခဲ့သည်။

ဤဥပဒေ ပုဒ်မ ၂ (ခ) တွင် ရှေးဟောင်း အထိမ်းအမှတ် အဆောက်အအုံဆိုရာတွင် ၁၈၈၆ ခုနှစ် မတိုင်မီက တည်ရှိသော သို့မဟုတ် ယဉ်ကျေးမှု အမွေအနှစ်ဟု သတ်မှတ်သော အောက်ပါတို့ပါဝင်သည်။

(၁) ဗိသုကာ လက်ရာမြောက်သည့် အဆောက်အအုံ၊ စေတီ၊ ပုထိုး၊ ဘုန်းတော်ကြီးကျောင်း၊ နန်းတော်၊ လူနေအဆောက်အအုံ၊ ယင်းတို့တွင် ထုလုပ်ထားသည့် ပန်းပု၊ ရုပ်တု၊ ရေးဆွဲထားသည့် ပန်းချီ ဟူ၍ပါရှိသည်။

၂။ ဤဥပဒေ ပုဒ်မ ၃ တွင် ဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

(င) ယဉ်ကျေးမှု အမွေအနှစ်များ ဖျက်ဆီးမှု မခံရစေရေးအတွက် အကာအကွယ်ပေးရန်။

(စ) ယဉ်ကျေးမှုအမွေ အနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်ရန် ဟူ၍လည်း ပါရှိပါသည်။

၃။ ဤဥပဒေ ပုဒ်မ ၂၁ တွင် မည်သူမျှ ယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်းတွင် ဤဥပဒေအရ ထုတ်ပေး သည့် ကြိုတင်ခွင့်ပြုချက် မရရှိဘဲ အောက်ပါတခုခုကို မပြုလုပ်ရ။

(က) ရှေးဟောင်း အထိမ်းအမှတ် အဆောက်အအုံကို ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်း ဆောင်ရွက်ခြင်း။

(ခ) ရှေးဟောင်း သုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်း။

(ဂ) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ ခြင်း။

(ဃ) ရေတွင်း၊ ရေကန်၊ ငါးမွေးမြူရေးကန် တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း ဟုဖော်ပြထားပါ သည်။

၄။ ဤဥပဒေ ပုဒ်မ ၂၄ တွင် မည်သူမဆို ပုဒ်မ ၁၈၊ ပုဒ်မ ၁၉ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက် တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၅၀၀၀၀ အထိ ဖြစ်စေ ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရ မည်ဟု အတိအကျ ပြဋ္ဌာန်းချက်ရှိနှင့်ပြီး ဖြစ်သည်။

၅။ အထက်ဖော်ပြပါ နအဖ စစ်အစိုးရ ထုတ်ပြန်ခဲ့သော ဥပဒေပုဒ်မများအရပင်လျှင် ပုဒ်မ ၂၁ (ဂ) ကိုပြုလုပ်၍ ပုဒ်မ ၂၄ အရ ပြစ်မှုကျူးလွန်ထားနှင့်ပြီးသား ဖြစ်နေသည်ကို ကွက်ကွက်ကွင်းကွင်း တွေ့ရှိ ရပါသည်၊ သက်ဆိုင်ရာ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရှေးဟောင်း သုတေသနဌာနတို့မှာ အရေး ယူဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်၊ သို့သော် ရပ်တန့်ခြင်း၊ အရေးယူအပြစ်ပေးခြင်း မရှိသည့် အတွက် နအဖ စစ်အစိုးရမှာ လုံးဝတာဝန်ရှိပါသည်။

ဖျက်ဆီးခံရသည့် သမိုင်းအမွေအနှစ်များမှာ လူမျိုး တမျိုး၏ ယဉ်ကျေးမှု ဦးသျှောင်အဖြစ် ခံယူ ဆင်းသက်ရာ အမျိုးဇာတိ ဂုဏ်သိက္ခာကို ဖော်ပြရာ ဘိုးဘွားမိဖစဉ်ဆက်က ထားရှိခဲ့သည့် ယဉ်ကျေး မှု အမွေအနှစ်များဖြစ်ပါသည်။

၆။ ယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ ပုဒ်မ ၃ (စ) တွင် ယဉ်ကျေးမှု အမွေအနှစ် ဒေသများ ကာကွယ်ထိန်း သိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့် အညီဆောင်ရွက်ရန်ဟု ပြဋ္ဌာန်းထားပါသဖြင့် အပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်း၏ အဆုံးအဖြတ်ကို ခံယူရပါမည်၊ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှု အဖွဲ့ (UNESCO) မှ ချမှတ်ထားသော ရှေးဟောင်းသုတေသန အက်ဥပဒေကို ချိုးဖောက်ခြင်း ဖြစ်သည့်အတွက် နိုင်ငံတကာ ဥပဒေအရလည်း အရေးယူအပြစ်ပေးရမည့် ပြစ်မှုတရပ်ကို ကျူးလွန် ခြင်း ဖြစ်သည်။

၇။ သို့ဖြစ်ပါ၍ နအဖ စစ်အစိုးရအား ထိုက်တန်သည့် ပြစ်မှုဖြင့် အရေးယူနိုင်ပါရန် နိုင်ငံတကာနှင့် တိုင်းရင်းသား ပြည်သူလူထုတရပ်လုံးက အချိန်ကာလနှင့် တဆက်စပ်တည်း ဆောင်ရွက်သင့်ပါ ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ
(၂၅၊ ၁၁၊ ၂၀၁၀)

အသေးစိတ်သိရှိလိုပါလျှင်–
ဦးမျိုး
တာဝန်ခံ၊ ဥပဒေ ရေးရာသုံးသပ်ရေးအဖွဲ့
(ဖုန်း– ၀၈၆ ၂၁၆ ၀၁၀၈)

The Burma Lawyers' Council is an independent organisation. It is neither aligned nor it is under the authority of any political organisation.
It has been formed by individual lawyers and legal academics, who have joined together of their free will to form this organisation.